## မြို့ပြအဆောက်အအုံ

## တည်ဆောက်ခြင်းလုပ်ငန်းလျှောက်ထားမှုနှင့်စပ်လျဉ်း၍ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ

၁။ စည်ပင်သာယာရေးအဖွဲ့၏ အဆောက်အအုံဆောက်လုပ်ခြင်းဆိုင်ရာ စစ်ဆေးကြီးကြပ်ခြင်း နည်းဥပဒေအရ တည်ဆောက်လိုသည့် အထက်အမြင့်အလိုက် သတ်မှတ်ထားသည့် လျှောက်လွှာတွင် ပါဝင်သော စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ရပါမည်။

၂။ အထပ်မြင့်အဆောက်အအုံတည်ဆောက်မှုအတွက် လုံခြုံရေးအရထိခိုက်မှုမရှိကြောင်း အကျဉ်း ဦးစီးဌာန၏ ထောက်ခံချက်ပါရှိရပါမည်။(လိုအပ်လျှင်)

၃။ အထပ်မြင့် အဆောက်အအုံ တည်ဆောက်ခြင်းအတွက် လေကြောင်းအန္တရာယ်လွတ်ကင်းမှုရှိ ကြောင်း လေကြောင်းဦးစီးဌာန၏ထောက်ချက်ပါရှိရပါမည်။(လိုအပ်လျှင်)

၄။ အထပ်မြင့်အဆောက်အအုံတည်ဆောက်ခြင်းအတွက် သာသနိက အဆောက်အအုံ၊ တန်ခိုးကြီး ဘုရားပုထိုးစေတီများနှင့် အမြင့်သတ်မှတ်ချက်အရလွတ်ကင်းခွင့်ပြုနိုင် ကြောင်း သာသနာရေးဦးစီးဌာန၏ သဘောထားမှတ်ချက်ပါရှိရပါမည်။(လိုအပ်လျှင်)